# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 22, 2019 Volume 22, Number 15


| ၂၂.၈.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၂၀.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၆.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၆.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၈.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၄၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၃၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဂျပန်နှင့်အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည်ကိုကြိုဆိုကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ကုမ္ပဏီထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား

ဂျပန်နှင့်အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ကုမ္ပဏီထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဩဂုတ် ၂၀ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် မြန်မာ-ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြောကြားခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှသိရသည်။

မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၈ ဒသမ ၉ ဘီလျံရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ဒေါ်လာ ၇၁ ဘီလျံအထိ တိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးတိုးတက်မှု အမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကဆိုသည်။ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီသစ်များ၊ ပြည်တွင်းနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတွင်ကျယ်လာသည်ကို တွေ့နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

လက်ရှိအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီပေါင်း ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီများဖြစ်သော Suzuki နှင့် Toyota တို့အပြင် Yakult Probiotic drink လုပ်ငန်းလည်းပါဝင်ကြောင်း၊ မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကိုကြိုဆိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ပြောကြားရာတွင် General Electric ၊ Chevron နှင့် Ford ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် လိုအပ်သည့်အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ Overseas Provate Investment Corporation မှ မြန်မာနိုင်ငံ၏အကြီးဆုံး ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Apollo Towers ကုမ္ပဏီမှတစ်ဆင့် မြန်မာ့ဆက်သွယ်ရေးအတွက် လိုအပ်လျက်ရှိသော တာဝါတိုင်ပေါင်း ၁၈၀၀ ကျော်ကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ဂျပန်နှင့်အမေရိကန်တို့မှ မြန်မာနိုင်ငံသို့ ဝင်ရောက်မြှုပ်နှံထားသည့် ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနှင့် ဒေါ်လာ ၄၃၂ ဒသမ ၇၉၆သန်း အသီးသီးရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/129736

## ထိုင်းအစိုးရအနေဖြင့် ပို့ကုန်တိုးမြှင့်ရေး အစီအမံများချမှတ်ရန် သံမိဌာန်ချမှတ်

ထိုင်းအစိုးရအနေဖြင့် ပို့ကုန်ပိုမိုတင်ပို့ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ယခုလနောက်ပိုင်း (သို့မဟုတ်) နောက်လအစောပိုင်းတွင် အစီအမံသစ်များပေါ်ထွက်လာစေရေး ကတိပြုထားခဲ့ပါသည်။ ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာ၏ နိုင်ငံရေးဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် Kobsak Pootrakool က နောက်ထပ်ကျင်းပမည့် စီးပွားရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် ပို့ကုန်တိုးမြှင့်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအစီအမံများကို အဓိကထားဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ဒုတိယနှစ်ဝက်တွင် ပို့ကုန်(၃%)တိုးတက်ရန်နှင့် နောက်နှစ်တွင် ပို့ကုန်(၃.၅)တိုးတက်စေရန် ရည်ရွယ်ထားကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ သို့ရာတွင် ၎င်းအနေဖြင့် ယခုနှစ်ပို့ကုန် ကိန်းဂဏန်းများ ကျဆင်းနေကြောင်းကိုလည်း အသိအမှတ်ပြုလက်ခံထားကြောင်းပြောကြားခဲ့ပါသည်။ ထိုင်းပို့ကုန်များအနေဖြင့် ကမ္ဘာ့စီးပွားရေး နှေးကွေးမှု၊ အမေရိကန်-တရုတ်ကုန်သွယ်ရေးတင်းမာမှုနှင့် ရေနံဈေးနှုန်းကျဆင်းမှုတို့ကြောင့် ဇွန်လအထိ လေးလဆက်တိုက် ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောက်ခွန်ရှင်းလင်းပြီး သင်္ဘောတင်ပို့မှုမှာ အနီရောင်အမှတ်အသားဖြစ်ကြောင်း၊ နှစ်အလိုက်တွင် ဇွန်လ၌(၂.၂%)ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၁.၄) ဘီလီယံရှိကြောင်း၊ မေလတွင်(၅.၈%)၊ ဧပြီလတွင် (၂.၆%)နှင့် မတ်လတွင် (၄.၉%) ဖြစ်ကြောင်း သိရှိရပါသည်။ ပို့ကုန်တင်ပို့မှုမှာလည်း(၂.၉%)ကျဆင်းခဲ့ပြီး မနှစ်ကဇွန်လမှစ၍ ဘတ်ငွေ(၆၇၇) ဘီလီယံသာရှိကြောင်း၊ အချို့ဈေးကွက်များသို့ ပို့ကုန်တင်ပို့မှုမှာ ဒီရေအလားလွန်စွာကျဆင်းခဲ့ကြောင်း၊ တရုတ်သို့သင်္ဘောတင်ပို့မှုမှာ နှစ်အလိုက်တွင် ဇွန်လ၌ (၁၄.၉%) ကျဆင်းခဲ့ပြီး အမေရိကန်သို့တင်ပို့မှုမှာ (၂.၁%)ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ပထမ(၆)လအတွက် စုစုပေါင်း သင်္ဘောတင်ပို့မှုမှာ မနှစ်ကကာလတူထက် (၂.၉%)ကျဆင်းခဲ့ပြီး ဘတ်ငွေ (၁၁၃) ဘီလီယံရှိကြောင်းသိရှိရပါသည်။ Mr. Kobsak က စီးပွားရေးအားပေးလှုံ့ဆော်မည့်အစီအစဉ်များတွင် အစိုးရအေဂျင်စီများနှင့်ပုဂ္ဂလိကအပိုင်းတို့အနေဖြင့် အမေရိကန်နှင့်တရုတ်တို့၏ မြင့်မားသောအခွန်နှုန်းထားသတ်မှတ်ထားသော ကုန်ပစ္စည်းများ၏ သင်္ဘောတင်ပို့မှုအတွက် နီးနီးကပ်ကပ် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်မည့် အစီအစဉ်များလည်းပါဝင်သင့်ကြောင်းပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ကုန်သွယ်ရေးစစ်ပွဲကြောင့် ထိခိုက်ခံစားနေရသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား ၎င်းတို့၏ထုတ်ကုန်များကို ပြည်တွင်းနှင့် အခြားဈေးကွက်များ၌ရောင်းချနိုင်ရန် ကုန်ကျစရိတ်များလျှော့ချ(ဖြတ်တောက်)ပေးခြင်းဖြင့် ကူညီအားပေးမြှင့်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ စာရင်းဇယားများအရ ကုန်သွယ်ရေးစစ်ပွဲကြောင့် အချို့ထုတ်ကုန်များ၏ ပြည်ပတင်ပို့မှုများ အကျိုးကျေးဇူး ရှိခဲ့ကြောင်း Mr. Kobsak က ပြောကြားခဲ့ပါသည်။ ယခုနှစ်ပထမပိုင်းတွင် အမေရိကန်နှင့်တရုတ်ဈေးကွက်များသို့ ပို့ကုန်ချဲ့ထွင်တင်ပို့နိုင်ခဲ့သော ထုတ်ကုန်(၃)မျိုးကို မြင်တွေ့ခဲ့ရကြောင်း၊ သားရေထည်၊ ရှူးဖိနပ်များနှင့်သစ်သားထည် ထုတ်ကုန်များဖြစ်ကြောင်း၊ သားရေထည်တင်ပို့မှုမှာ ယခုနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်သို့တင်ပို့မှု (၄၆.၈%)တိုးတက်ခဲ့ပြီး၊ တရုတ်သို့တင်ပို့မှု(၂၁.၆%)တိုးတက်ခဲ့ကြောင်း၊ ရှူးဖိနပ်အနေဖြင့် အမေရိကန်သို့ တင်ပို့မှု(၇.၉%)တိုးချဲ့နိုင်ခဲ့ပြီး တရုတ်သို့ တင်ပို့မှု (၄၂.၉%)တိုးတက်ခဲ့ကြောင်း၊ သစ်သားထည်ထုတ်ကုန်များအနေဖြင့် အမေရိကန်သို့တင်ပို့မှု (၄၀.၉%)တိုးတက်ခဲ့ပြီး တရုတ်သို့တင်ပို့မှု(၂.၇%)တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက်**

## တရုတ်သို့ဆန်တင်ပို့ရန် သတ်မှတ်ချက်နှင့်ညီသည့် ဆန်စက်အရေအတွက်နည်းပါး




တရုတ်သို့ ပင်လယ်ရေကြောင်းက ဆန်တန်ချိန် တစ်သိန်း တင်ပို့ရန် လျှောက်ထားလာသည့် ဆန်စက် ၁၀၃ စက်ကို စစ်ဆေးရာသတ်မှတ်ချက်များနှင့် ညီညွတ်သည့် ဆန်စက်အရေအတွက် နည်းပါးနေသေးကြောင်းသိရသည်။ အရည်အချင်း မပြည့်မီသောဆန်စက်များကို စာရင်းပြုစုရာတွင် ဆန်စက်ပေါင်း ၂၄ စက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ကျန်ဆန်စက် ၇၉ စက်မှာ ကျန်းမာသန့်ရှင်းရေးအပိုင်းတွင် အားနည်းချက်များရှိနေသော်လည်း အရေးကြီးအန္တရာယ်ရှိသော အချက်များတွင် အောင်မြင်ခဲ့သဖြင့် အရည်အချင်းပြည့်မီသော ဆန်စက်များအဖြစ်အတည်ပြုဆုံးဖြတ်သည်။

သို့ရာတွင် အဆိုပါ ၇၉ စက်အနက် ၁၀ စက်မှာ မီးထောင်ချောက်များ လုံလောက်မှုမရှိခြင်း၊ သိုလှောင်ရုံအဆင်သင့် မဖြစ်ခြင်းစသောအချက်များတွေ့ရှိခဲ့ရသဖြင့် အချိန်မီပြင်ဆင်ပေးရန်ဂန်ခံကတိဖြင့် ရွေးချယ်ထားကြောင်းသိရသည်။ တရုတ်က အခုအတိုင်းသတ်မှတ်တာက တခြားနိုင်ငံတွေနဲ့မဆိုင်ပါဘူး။ အသင်းချုပ်ကနေ မြန်မာ့ကုန်ပစ္စည်း စမ်းသပ်မှု လီမိတက်ကို တတိယကြားခံအနေနဲ့ စစ်ဆေးခိုင်းတာပါ။ သူတို့သတ်မှတ်ချက်အတိုင်းပဲ အားလုံးပြည့်မီတဲ့ ဆန်စက်ရေ မရှိနိုင်ဘူး။ ထူးခြားတာက သူတို့သတ်မှတ်ထားတဲ့ ဆန်စက်နဲ့ဆန်ထားမယ့် ဂိုဒေါင်အတူတူမထားရတဲ့အချက်ပဲ။ ဒီမှာက ဆန်စက်နဲ့စပါးကုန်ကြမ်း၊ ကုန်ချောထားတာက အတူတူတွဲထားတာ။ ဆန်စက်ကသီးသန့်၊ ဂိုဒေါင်ကသီးသန့်ဆိုတာက ပြဿနာကြောင့် သတ်မှတ်ချက်နဲ့ညီတာနည်းတာပါ။ ပထမမူလဆန်စက်တွေက အဆင့်မြှင့်တင်ကြပါတယ်။ အခုနောက်ပိုင်း တည်ဆောက်တဲ့ ဆန်စက်ဆိုရင်တော့ သီးခြားစီတည်ဆောက်လို့ရတာပေါ့ဟု မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းတာဝန်ရှိသူ ဦးသောင်းဝင်းကပြောသည်။

မြန်မာ-တရုတ် အရည်အသွေး ထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆန်တင်ပို့ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ညီညွတ်မှသာ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။ အဆိုပါ သတ်မှတ်ချက်များအရ ဆန်စက်များ၏ ထုတ်လုပ်မှုကျင့်စဉ်များ၊ သန့်ရှင်းရေးကောင်းများ၊ ဆန်စက်များ၏ အရည်အသွေး အဆင့်အတန်းများစသည်ဖြင့် အချက် ၂၄ ချက် ချမှတ်ထားကြောင်းသိရသည်။

သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိကို ပြည်တွင်းရှိ ဆန်စက် ၁၀၃ စက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့ ကုန်ပစ္စည်းစမ်းသပ်မှုလီမိတက်တို့ကတာဝန်ယူ၍ ကြားခံ၍စစ်ဆေးခဲ့ရာ အရည်အသွေးအားနည်းသည့် ဆန်စက်များတွေ့ရှိခဲ့ကြောင်းသိရသည်။ ထိုသို့ အရည်အချင်းကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးရမည့် အချက်များတွင် အဓိကအားဖြင့် အပိုင်းသုံးပိုင်းပါရှိပြီး ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ရုံထားရှိမှုအပိုင်းနှင့် လုပ်သားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ကျန်းမာသန့်ရှင်းရေးအပိုင်းတို့ဖြစ်သည်။ ကုန်ကြမ်းသိုလှောင်ရုံနှင့်ပတ်သက်၍ သတ်မှတ် အရည်အချင်းမပြည့်မီသော ဆန်စက်စုစုပေါင်း ၁၂ စက်ရှိပြီး ဆန်စက်အများစုသည် ကုန်ကြမ်းသိုလှောင်ရုံကို သန့်ရှင်း သပ်ရပ်စွာထားသည့် အလေ့အထမရှိကြောင်း၊ ထို့ပြင် အဓိကအရေးကြီးသောအချက်ဖြစ်သည့် အပူချိန်နှင့်စိုထိုင်းဆကို ထိန်းချုပ်နိုင်သည့်အနေအထားမျိုးမရှိကြောင်း၊ အပူချိန်နှင့် လေထုစိုထိုင်းဆသည် သိုလှောင်သီးနှံ၏ အစိုဓာတ်ပါဝင်မှုကို အပြောင်းအလဲဖြစ်ပေါ်စေသည့်အတွက် ကုန်ပစ္စည်းအရည်အသွေးပေါ်တွင် သက်ရောက်မှုရှိနေကြောင်း သိရသည်။

ထို့ပြင် စစ်ဆေးခဲ့သော ဆန်စက်များ အနက် ဆန်စက် ၁၁ စက်မှာ ကုန်ချောသိုလှောင်ရာတွင် သီးသန့်သိုလှောင်ခြင်း မရှိကြောင်း၊ ဆန်စက်အများစုသည် ကုန်ကြမ်းနှင့်ကုန်ချောကို သိုလှောင်ရုံတစ်ခုတည်းတွင် ထားလေ့ရှိပြီး အချို့စက် များတွင် ကုန်ချောများကို ကြိတ်ခွဲရေးပြုလုပ်သည့် စက်ရုံအတွင်း အချိန်ကြာမြင့်စွာထားလေ့ရှိကြောင်း သိရသည်။ဆန်စက် ၁၄ စက်မှာ ဖျက်ပိုးထိန်းချုပ်သည့်စနစ်မရှိကြောင်း၊ အချို့စက်များတွင် မီးထောင်ချောက်များ ထားရှိသော်လည်း ငှက်တား ဆန်ခါများ၊ ကြွက်ထောင်ချောက်များ ထားရှိမှုမရှိကြောင်း၊ သို့သော်အချို့စက်များသည် အခြားသတ်မှတ်သော အချက် များတွင် အရည်အချင်းပြည့်မီလျက်ရှိသောကြောင့် ဖျက်ပိုးထိန်းချုပ်မှုပြုလုပ်ရန် ခံဝန်ကတိရေးထိုး၍ ခွင့်ပြုတင်ပို့ ခွင့်ပြု ထားကြောင်းသိရသည်။

ဆန်စက်များကို ကြိတ်ခွဲနိုင်မှုနှုန်းနှင့် ပတ်သက်၍ စစ်ဆေးရာတွင် တစ်ရက်လျှင် အနည်းဆုံးစပါးတန်ချိန် ၅၀ ကြိတ်ခွဲနိုင်ခြင်း ရှိ၊ မရှိစစ်ဆေးကြောင်း၊ ပြည်ပသို့ တင်ပို့သော ဆန်စက်တစ်စက်၏ ကြိတ်ခွဲထုတ်လုပ်နိုင်စွမ်းသည် အနည်းဆုံး တစ်နာရီလျှင် ဆန်တစ်တန်ကျ ကြိတ်ဖွပ်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရည်အချင်းမပြည့်မီသော

စက်တစ်ခုသာရှိကြောင်းသိရသည်။ မြန်မာနိုင်ငံမှာ ဆန်စက်တည်ဆောက်တဲ့အခါမှာ ရေရှည်တွက်ချက်မှု အားနည်းတာကြောင့် အခုသတ်မှတ်ချက်နဲ့မညီတာဖြစ်တယ်။ ဒါပေမယ့်လည်း ညှိနှိုင်းဆောင်ရွက်ပြီးတော့ လိုအပ်တာ ဆက်လုပ်ရတာပေါ့။ အခုနောက်ပိုင်းတည်ဆောက်တဲ့ ဆန်စက်အများစုကတော့ ဒီလိုသတ်မှတ်ချက်တွေ အတိုင်း လုပ်လာနိုင်တာပေါ့ဟု မန္တလေးရှိ ဆန်စက်လုပ်ငန်းရှင်ဦးကြည်လှိုင်ကပြောသည်။ ဆန်စက်အဆင့်အတန်းနှင့် ပတ်သက်၍ သာမန်အဆင့်ကြိတ်ခွဲမှု၊ သင့်တင့်ကောင်းမွန်သောကြိတ်ခွဲမှု၊ အဆင့်မီကြိတ်ခွဲမှု၊ အဆင့်လွန်ကြိတ်ခွဲမှုဟူ၍ သတ်မှတ်ထားပြီး စစ်ဆေးချက်အရ အဆင့်မီမကြိတ်ခွဲနိုင်သော ဆန်စက်လေးစက်တွေ့ရှိကြောင်း၊ ဆန်၏ ဆန်ဖြူနှုန်းသည် ဈေးကွက်အတွင်း အပြောင်းအလဲမှုဖြစ်ပွားနိုင်ကြောင်း၊ ထို့ကြောင့် ဆန်စက်များ၏အဆင့်အတန်းကို စံချိန်စံညွှန်း တစ်ရပ် ရေးဆွဲပြီး အခိုင်အမာပြဋ္ဌာန်းထားနိုင်ရန်လိုအပ်ကြောင်း ဆန်စက်ပိုင်ရှင်များကပြောသည်။ ဆန်အရောင်တင်စက်နှင့် ပတ်သက်၍ စစ်ဆေးရာတွင် အရောင်တင်၍မကြိတ်ခွဲသော ဆန်စက် ၁၁ စက် စစ်ဆေးတွေ့ရှိရပြီး နောက်ဆက်တွဲအနေဖြင့် ဆန်အိတ်အတွင်း ရေငွေ့ပြန်မှုဖြစ်ပေါ်စေနိုင်ကာ ဆန်ဂါနှင့်မှိုများပေါက်စေမည်ဖြစ်၍ လုပ်ငန်းရှင်များ ဂရုပြုရန် လိုအပ်ကြောင်းသိရသည်။

ဆန်အရောင်ရွေးစက်နှင့်၏ပတ်သက်၍ စစ်ဆေးရာတွင် အဆိုပြုဆန်စက်များထဲတွင် ဆန်စက် ၁၁ စက်မှာ ဆန်အရောင်ရွေးစက်အသုံးပြုခြင်းမရှိကြောင်း ၊ ဆန်အရောင်တင်စက်နှင့် အရောင်ရွေး စက်များ တပ်ဆင်အသုံးပြုမှုစစ်ဆေးရာတွင် အဆိုပါစက်ယူနစ်များကို မှန်ကန်သောနေရာတွင် အစီအစဉ်တကျတပ်ဆင်ထားခြင်း ရှိ၊ မရှိကိုပါ စစ်ဆေးမှုပြုလုပ်ကြောင်းသိရသည်။

**Source:**https://www.facebook.com/thefarmermedia/posts/2412310442216461?__tn__=K-R

## တရုတ်နယ်စပ်လမ်းကြောင်းတွင် ငါးရှဉ့် တန်ချိန် ၂၀၀ ခန့် ပျက်စီး

တရုတ်-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းတွင် ဩဂုတ် ၂၁ ရက်အထိ လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေရာ တရုတ်သို့ တင်ပို့ရန် ရေထွက်ကုန်ငါးရှဉ့်များသယ်ဆောင်လာသည့် ကားအစီး ၂၀ ခန့် ကွတ်ခိုင်နှင့်မူဆယ်အကြားပိတ်မိ၍ ကုန်စည်များ ပျက်စီးနေသည်ဟု မူဆယ်ဖရဲသီးကုန်စည်ဒိုင်၊ ဒုတိယဥက္ကဋ္ဌဦးစိုင်းခင်မောင်ကပြောသည်။

ယင်းကားများတွင် တစ်စီးလျှင် ငါးရှဉ့်တန်ချိန် ၁၀ (၁၀,၀၀၀ ကီလို) သယ်လာပြီး တစ်ကီလိုလျှင် တရုတ်ငွေ ၄၄ ယွမ် (မြန်မာကျပ်ငွေ ၁၀,၀၀၀ ကျပ်ခန့်) တန်ဖိုးရှိသည်ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/news/127300.html

## ကျောက်ဖြူမှ ရေထွက်ကုန်များ တရုတ်သို့ ပုံမှန်တင်ပို့ နေဟုဆို

မူဆယ်လမ်းကြောင်းတွင် တိုက်ပွဲများဖြစ်ပွား၍ အဆက်အသွယ်ပြတ်နေသော်လည်း ကျောက်ဖြူဒေသမှ ရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့နေကြောင်း ရေထွက်ကုန်တင်ပို့သူအချို့ကပြောသည်။ ကျောက်ဖြူဒေသထွက် ရေငန်ပုစွန်အမျိုးအစားများဖြစ်သော တိုက်ကား၊ ပုစွန်ဖြူ၊ ကျောက်ပုစွန်နှင့် ကင်းပုစွန်များကို မူဆယ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။ ကုန်တွေတင်ပို့နေရတာက ရပ်တန့်မသွားပါဘူး။ ပုံမှန်ပဲသွားနေပါတယ်။ ဘယ်လမ်းကြောင်းက သွားနေတယ်ဆိုတာတော့ အသေအချာမသိပါဘူး။ ကျွန်တော်တို့က ရန်ကုန်၊ မန္တလေးကိုတင်ပို့ပေးတယ်။ အဲဒီက ကုန်သည်တွေက တရုတ်ကိုပို့တာပါဟု ကျောက်ဖြူမြို့မှ ငါး၊ ပုစွန်အဝယ်ဒိုင်ပိုင်ရှင်ကိုအောင်ကျော်လင်းက ပြောသည်။

တရုတ်နိုင်ငံမှ ဈေးကောင်းပေးအဝယ်လိုက်နေသည့် ရေထွက်ကုန်သည် ကင်းပုစွန်ဖြစ်ပြီး၊ တစ်ကောင်လျှင် ကျပ်တစ်သောင်းကျော်အထိရောင်းရကြောင်း ၎င်းကဆိုသည်။ ရခိုင်ဒေသထွက် ရေထွက်ကုန်အများစုကို တရုတ်၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့နေသည်။

**Source:** https://www.7daydaily.com/story/164274

## တရုတ်သို့ ပဲတီစိမ်း၊ နှမ်းတင်ပို့ မှု ရပ်တန့် နေ၊ မြေပဲအသစ်ထွက်ပေါ်လာသော်လည်း ဈေးကွက်သို့ဝင်ရောက်မှု နည်းခြင်းကြောင့် ဈေးနှုန်းတည်ငြိမ်




မန္တလေး-မူဆယ်လမ်းကြောင်းတွင် ကုန်တင်ကားများ သွားလာမှုယာယီရပ်နားထားခြင်းကြောင့် ကုန်သည်များက ပဲတီစိမ်း၊ နှမ်းမျိုးစုံတို့ကို ဈေးလျှော့ချဝယ်ယူလျက် ရှိကြောင်း မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းကသိရသည်။ အထက်ပါဖြစ်စဉ်သည် ဩဂုတ်လ ၁၅ ရက် နောင်ချိုမြို့နယ် လမ်းပိုင်းတစ်နေရာကို လက်နက်ကိုင်တပ်ဖွဲ့များက ဖောက်ခွဲမှုကြောင့် ဂုတ်တွင်း ဖြတ်သည့် တံတားတစ်ခုပျက်စီးသွားရာ ကုန်တင်ကားကြီး သွားလာမှု ရပ်တန့်သွားခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းရှိကုန်သည်များက ဈေးနှုန်းလျှော့ချဝယ်ယူလာသဖြင့် ဩဂုတ်လ ၉ ရက်က ပဲတီစိမ်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ရှိရာမှဩဂုတ်လ ၁၆ ရက်တွင် ကျပ် ၁၁၃၀၀၀ သို့ကျဆင်းခဲ့သည်။ ထို့ကြောင့် ပဲမျိုးစုံကုန်သည်များက ဈေးနှုန်းဆက်လက် လျှော့ချဝယ်ယူခြင်း၊မဝယ်ယူခြင်းမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု ရှိ၊ မရှိအပေါ် မူတည်မည်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်းဝယ်ယူသူများ ပုံမှန်အတိုင်းဝယ်ယူနေခြင်းကြောင့် ဈေးနှုန်းအတက်၊ အကျ ပြောင်းလဲမှုမရှိပေ။ ဩဂုတ်လ ၁၆ ရက်က သုံးတင်းဝင် တစ်အိတ်လျှင် ကုလားပဲ (ထိုင်ဂမ်)၊ ကုလားပဲ (နိုင်းတူးနိုင်း)၊ ကုလားပဲ (ဗွီတူး) တို့မှာ ကျပ် ၈၀၀၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ ဈေးကွက်၌ အရောင်းအဝယ်ပုံမှန်အတိုင်းရှိခြင်းနှင့် လှောင်လက်များ ဈေးလျှော့ချမရောင်းချခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ပဲစင်းငုံ (အသစ်) ကျပ် ၉၅၀၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေသည်။ အတက်၊ အကျသည် တစ်ပတ်အတွင်း ပြောင်းလဲရန်မရှိနိုင်ကြောင်း ကုန်သည်များကသုံးသပ်သည်။

နှမ်းသည်လည်း ပဲတီစိမ်းနည်းတူ မူဆယ်သို့တင်ပို့မှု ခေတ္တရပ်နားထားရခြင်းကြောင့် ကုန်သည်အချို့က ဈေးနှုန်းလျှော့ချဝယ်ယူလာကြသည်။ သို့သော်လည်း ပစ္စည်းရှိသည့်ကုန်သည်များက ဈေးလျှော့ချရောင်းချလိုခြင်းမရှိသဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၀၀ ခန့်ကျဆင်းသော်လည်း ရောင်းမည့်သူမရှိသည့် အခြေအနေတွင်ရှိနေသည်။ ဩဂုတ်လ ၉ ရက်က သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းနက် (စမုန်) ကျပ် ၂၈၅၀၀၀ ရှိရာမှ ဩဂုတ်လ ၁၆ ရက်တွင် ကျပ် ၂၈၄၀၀၀ ရှိပြီး အရည်အသွေးကောင်းလျှင် ကျပ် ၂၉၀၀၀၀ ဈေးပေါက်နေကြောင်းသိရသည်။

ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်အရေအတွက် နည်းပါးလျက်ရှိသည်။ သို့သော် ဈေးကွက်သို့ မြေပဲအသစ်ပေါ်များစွာ ဝင်ရောက်လာခြင်းမရှိသေး၍ အတက်ဈေးဖြင့်တည်ငြိမ်နေသည်။ ထို့ကြောင့် ဩဂုတ်လ ၁၆ ရက်က မြေပဲတစ်ပိဿာလျှင် S1 လုံးဆန် ကျပ် ၃၉၅၀ မှ ကျပ် ၄၁၀၀၊ S1 ရွေးဆန် ကျပ် ၃၈၅၀ မှ ကျပ် ၃၉၀၀၊ ဆီဆန် ကျပ် ၃၈၀၀ မှ ကျပ် ၃၉၀၀ ၊ အနီလုံးဆန် ကျပ် ၄၁၅၀ မှ ကျပ် ၄၂၅၀ အသီးသီးရှိနေသည်။ ယခု ဈေးနှုန်းအခြေအနေအရ ဆက်လက်တက်နိုင်မည့် အနေအထားမရှိသေးကြောင်း ကုန်သည်များကသုံးသပ်သည်။

**Source:** https://www.facebook.com/thefarmermedia/

## ဈေးမကောင်းခြင်းကြောင့် မိုးကြက်သွန်နီလျှော့ချစိုက်ရန်ပြင်ဆင်နေ

ကြက်သွန်နီဈေးနှုန်းကျဆင်းမှုနှင့် ပျိုးပင်ဈေးကြီးမြင့်နေမှုကြောင့် မိုးကြက်သွန်နီလျှော့ချစိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း တောင်သူများထံမှသိရသည်။ တစ်နိုင်ငံလုံးစိုက်ပျိုးမှု၏ ၂၈ ရာခိုင်နှုန်းခန့် စိုက်ပျိုးမှုရှိသော မကွေးတိုင်းဒေသကြီးအပြင် မန္တလေး၊ စစ်ကိုင်းနှင့်နေပြည်တော်ရှိ တောင်သူများကလျှော့ချစိုက်ရန် ပြင်ဆင်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်ရှိ တောင်သူဦးမိုးဟိန်းက မကွေးနဲ့မန္တလေးမှာက ကြက်သွန်နီကို မျိုးစေ့ကြဲပက်စိုက်သလို




ပျိုးထောင်ပြီးလည်းစိုက်တယ်။ ဩဂုတ်လပထမပတ်ဆိုရင် မိုးကြက်သွန်နီစိုက်ဖို့ မြေပြုပြင်နေကြပြီ။ အခု ကြက်သွန်မျိုးစေ့ တစ်ပြည်ကို ကျပ်တစ်သိန်းနှစ်သောင်းလောက်ရှိတယ်။ အရင်နှစ် ဒီလိုအချိန်က ကျပ်ရှစ်သောင်းပဲရှိတာ။ အခုပျိုးပင်အထုံး ၁၀၀ ကို ကျပ်နှစ်သောင်းကျော် ဈေးပေါက်နေတာတောင် ရောင်းမယ့်သူများများမရှိဘူး။ ဒီတော့စိုက်နေလည်း ဈေးမကောင်းတဲ့အတွက် လျှော့ချစိုက်ဖို့စီစဉ်ထားတယ်ဟုပြောသည်။

ယခုကဲ့သို့ ကြက်သွန်နီစိုက်ဧက လျှော့နည်းလာခြင်းကြောင့် ထွက်ပေါ်ချိန်ရောက်ရှိပါက ဈေးနှုန်းမငြိမ်သည့် ပြဿနာများကြုံတွေ့နိုင်ခြင်းကြောင့် အသစ်ထွက်ပေါ်ချိန်ရောက်လျှင် ပြည်ပက တရားမဝင်ဝင်ရောက်ခြင်းကို ထိရောက်စွာ စိစစ်အရေးယူပေးရန်လိုအပ်သည်။ အရင်နှစ်က တရုတ်က တရားမဝင်ဝင်လာတဲ့ကြက်သွန်တွေကြောင့် ဈေးတွေမဖြစ်ထိုက်တာထက် ပိုပြီးကျဆင်းခဲ့တော့ စိုက်ဖို့စိတ်ပျက်နေကြတယ်။ သူတို့တွေစိုက်ချင်အောင် ကြိုပွိုင့်ဝယ်ယူပေးတာနဲ့ စိုက်စရိတ်တွေကြိုတင်ထုတ်နိုင်အောင် ဆောင်ရွက်ပေးနေတယ်။ ထွက်ပေါ်လာတဲ့အချိန်ကျရင် အခြေခံဈေးအောက်မကျအောင် အာမခံပေးပြီးတော့ ရောင်းဝယ်ကြမယ်ဆိုရင် စိုက်ဖို့စိတ်အားထက်သန်လာမယ်ထင်တယ်။ နောက်ပြီး အရင်နှစ်ကထွက်ခဲ့တဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေနဲ့ပေါင်းလိုက်ရင် ဈေးကွက်မှာ ဈေးငြိမ်နေတာဆိုတော့ လုံလုံလောက်လောက်ရှိတယ်လို့ခန့်မှန်းနိုင်တယ်ဟု နေပြည်တော်ရှိ ကြက်သွန်နီ၊ ကြက်သွန်ဖြူပွဲရုံလုပ်ငန်းမှ ဦးသန်းဇော်ကပြောသည်။ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုတွင် မိုးကြက်သွန်စိုက်ပျိုးနိုင်မှုနည်းပါးပြီး ဆောင်းကြက်သွန်နီစိုက်ပျိုးမှုအပေါ်တွင်သာ အားထားသုံးစွဲရကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်က မန္တလေးတိုင်းဒေသကြီးအသင်းက ကြက်သွန်နီဈေးကျလို့ ဈေးထိန်းညှိပေးဖို့ စီးပွားကူးသန်းဘက်ကို တင်ထားထားရှိတယ်။ ကြက်သွန်နီက တခြားဟာတွေနဲ့မတူဘူး။ မနှစ်က ကျပ်ငါးသိန်းဆိုရင်ဝယ်တယ်။ ဒီနှစ်ကို ဘယ်လောက်ဆိုရင်ဝယ်မလဲ သတ်မှတ်ပေးဖို့တွေပြန်မလုပ်ခင် မနှစ်ကဈေးနှုန်းကိုပဲ အတည်ပြုပြီးတော့ အဲဒီအတိုင်းပြန်ဝယ်ရမှာပေ့ါ။ ကြက်သွန်နီက ထားသိုဖို့လည်းမလွယ်ဘူး။ ပြီးတော့ အဝယ်ရှိပြီဆိုရင် ချက်ချင်းပုန်းဒိုင်းဆို ဈေးအများကြီးပြန်တက်နိုင်တယ်။ တက်ရင်လည်းမြန်သလို ကျရင်လည်းမြန်ပြီးတော့ ကုန်စိမ်းဆန်တယ်ဟု ပြောသည်။ ကြက်သွန်နီသည် ပြည်တွင်းစားသုံးမှုများပြားခြင်း၊ ပုပ်သိုးလွယ်သောပစ္စည်းဖြစ်၍ ပင်လယ်ရေကြောင်းက တင်ပို့ရန်ခက်ခဲသောကြောင့် နယ်စပ်ကုန်သွယ်မှုသာဆောင်ရွက်သည်။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ကြက်သွန်နီစိုက်တောင်သူ ဦးလွင်ဦးက အရင်နှစ်က ၁၀ ဧက နီးပါးစိုက်တယ်။ ဒီနှစ်တော့ လေးဧကလောက်ပဲစိုက်ဖို့စီစဉ်ထားတယ်။ အခု မျိုးစေ့တစ်ပြည်ကို ကျပ် ၉၅၀၀၀ ပေါက်တယ်။ မျိုးစေ့ကိုမှတည်ပြီးတော့ ဈေးပေးဝယ်ရတယ်။ ကြက်သွန်နီက ရေသွင်းစိုက်ရတာဖြစ်လို့ စက်နဲ့ရေမှုတ်တင်ရင် ဆီဈေးကြီးတာကြောင့် ရှုံးတဲ့နှစ်တွေလည်း ရှိတယ်။ ဒီနှစ်စကတည်းက မိုးခေါင်နေတာကြောင့် လျှော့ချစိုက်ဖို့ စီစဉ်ထားတာပါဟုပြောသည်။ ထို့အပြင် ဈေးနှုန်း အနိမ့်အမြင့်ကိုလိုက်ပြီး စိုက်ပျိုးမှု ဧရိယာ အကျယ်အဝန်းမှာ ပြောင်းလဲတတ်သဖြင့် ဈေးအမြင့်ဖြင့်ပိတ်သောနှစ်တွင် စိုက်ဧကများပြီး ဈေးအနိမ့်ဖြင့်ပိတ်သောနှစ်တွင် စိုက်ဧကလျှော့နည်း တတ်ကြောင်း သိရသည်။ ထို့ကြောင့် ကြက်သွန်နီ၏ ဈေးနှုန်း နှစ်စဉ်တည်ငြိမ်ရန် ခက်ခဲနေသည့် အခြေအနေတွင် ပြည်ပကတရားမဝင် ဝင်ရောက်မှုမထိန်းချုပ်နိုင်မှုသည် အခြေအနေကို ပို၍ဆိုးရွား လာကြောင်း ကုန်သည်များက ပြောသည်။ တရုတ်သို့ ကြက်သွန်နီတင်ပို့ရာတွင် ယခင်နှစ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ်နှစ်သိန်းခန့် ဈေးကျဆင်းနေကြောင်း သိရသည်။

ယခင်နှစ် ကာလတူက ကြက်သွန်နီတစ်ပိဿာလျှင် ပျမ်းမျှဈေး ကျပ် ၉၀၀၊ တစ်တန်လျှင် ကျပ် ၅၅၀၀၀၀ ခန့်၊ လက်ရှိတစ်ပိဿာ ကျပ် ၆၀၀၊တစ်တန်လျှင် ကျပ် ၃၆၀၀၀၀ ခန့်နှုန်းဖြင့်သာရောင်းချ၍ တစ်တန်လျှင် ကျပ်နှစ်သိန်းနီးပါးခန့် လျော့နည်းနေခြင်းဖြစ်သည်။ လက်ရှိရန်ကုန်နှင့် မန္တလေးကုန်စည်ဒိုင်ဈေးကွက်သို့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကကြက်သွန်နီများ အဓိကဝင်ရောက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင်

ကြက်သွန်နီ စိုက်ဧက ၁ ဒသမ ၈ သိန်းကျော်ရှိပြီး ထွက်ရှိမှုမှ အလေအလွင့်၊ အပုပ်အသိုးနုတ်လိုက်ပါက တန်ချိန်ကိုးသိန်းခန့်ကျန်ရှိသည်။ ကြက်သွန်နီကို မြန်မာနိုင်ငံအထက်ပိုင်းရှိ မကွေးတိုင်းဒေသကြီးတွင် ဆင်တဲဂချောင်း၊ မုန်းချောင်း၊ မင်းချောင်း၊ ယင်းချောင်းဒေသများ၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး၊ မြစ်သား၊ ကျောက်ဆည်၊ သာစည်၊ မြင်းခြံ၊ ပျော်ဘွယ်စသည့်ဒေသများတွင်စိုက်ပျိုးသည်။ အများဆုံးစိုက်ပျိုးသောမျိုးများမှာ ရွှေဖလား၊ ဘောင်စောက် သပိတ်လုံး၊ မင်းတုန်းနှင့် ဥမ္မာမျိုးတို့ဖြစ်သည်။

**Source:** https://www.facebook.com/thefarmermedia/posts/2414113355369503?__tn__=K-R

## မြေပဲဈေးနှုန်း မြင့်တက်နေသောကြောင့် မြေပဲဆီကြိတ်ဆီဆုံ လုပ်ငန်း လုပ်ကိုင်သူများ အငှားကြိတ်ခြင်းသာ ဦးစားပေးလုပ်ကိုင်နေရ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်း မြေပဲဈေးနှုန်းမြင့်တက်နေခြင်းကြောင့် မြေပဲကြိတ်ဆီဆုံလုပ်ငန်းရှင်အများစု ရပ်နားထားရကြောင်းသိရသည်။ ငါ့သရောက်မြို့နယ်၌ မြေပဲဆီကြိတ်လုပ်ငန်းရှင်များကိုယ်တိုင်ဆီကြိတ်ကာရောင်းချခြင်း၊ အငှားမြေပဲဆီကြိတ်ရောင်းချသည့် တစ်ပိုင်တစ်နိုင် လုပ်ငန်းလုပ်ကိုင်သည့် ဆီကြိတ်ဆီဆုံအများအပြားရှိပြီး၊ မြေပဲဈေးနှုန်း နှစ်နှစ်ဆက်တိုက် မြင့်တက်နေခြင်းကြောင့် တစ်ပိုင်တစ်နိုင် ဆီကြိတ်လုပ်ငန်းရှင်များ မြေပဲဈေးနှုန်းကျချိန်ထိ စောင့်နေရကြောင်းသိရသည်။ မြေပဲစိုက်ပျိုးချိန်ဈေးနှုန်းကြီးနေတော့ တစ်ပိုင်တစ်နိုင် မြေပဲဆီကြိတ်လုပ်ငန်းတွေ မရင်းနီးရဲတော့ဘူး။ အငှားကြိတ်လောက်သာ လက်ခံကြိတ်ပေးပါတယ်။ မြေပဲဆန်အငှားကြိတ် တစ်တင်းကိုငွေကျပ်သုံးထောင်နဲ့ ကြိတ်ပေးရတယ်။ ကြိတ်ခတစ်တင်း သုံးထောင်ကျပ်က အရင်ကဈေး၊ ခုဟာက အစစအရာရာဈေးတက်နေတော့ လာရောက်အငှားမြေပဲကြိတ်သူတွေကို ချက်ချင်းတက်ယူလို့ကမရပြန်တော့ အရင်ဈေးအတိုင်းလုပမြို့နယ် ကုလားတဲကျေးရွာမှ မြေပဲဆီကြိတ်လုပ်ငန်းလုပ်ကိုင်သည့် ဦးသန်းထိုက်ကပြောသည်။

မြေပဲဆန် တစ်တင်းကြိတ်လျှင် မြေပဲဆီခြောက်ပိဿာထွက်ကာ တစ်ပိဿာလျှင် ငွေကျပ်ရှစ်ထောင်ဖြင့်ရောင်းချရကြောင်း၊ မြေပဲဆီကြိတ်ရာတွင် ပြန်ရောင်းသည့်ဈေးနှင့် မြေပဲဆန်ဝယ်ရသည့်ဈေး တန်းတူဖြစ်နေခြင်းကြောင့် တစ်ပိုင်တစ်နိုင် ဆီဆုံထောင်သူအများစုမှာ လုပ်ငန်းရပ်နားထားကာ အငှားကြိတ်သည့်လုပ်ငန်းဘက်တွင်သာ ဦးစားပေးလုပ်ကိုင်နေရကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/48939-

## မြန်မာ-ထိုင်းကုန်သွယ်မှုကို ၂၀၂၂ ခုနှစ်တွင် နှစ်ဆမြှင့်တင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေ

မြန်မာ-ထိုင်းနိုင်ငံတို့ကြား နှစ်နိုင်ငံကုန်သွယ်ရေးကို ၂၀၂၂ ခုနှစ်တွင် လက်ရှိအခြေအနေများထက် နှစ်ဆမြှင့်တင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရသိရသည်။ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ တိုးတက်ရေးအတွက် နှစ်ဖက်အစိုးရတာဝန်ရှိသူတွေ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေညှိနှိုင်းပြီးတော့ လုပ်ဆောင်နေကြပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုပိုမိုတိုးမြှင့်စေဖို့အတွက် မြန်မာ့ပို့ကုန်တွေဈေးကွက်ပိုမိုရရှိစေဖို့ မြန်မာနိုင်ငံဘက်ကနေ တောင်းဆိုခဲ့တဲ့အပေါ် ထိုင်းနိုင်ငံဘက်က သဘောတူလက်ခံထားတာတွေရှိပါတယ်ဟု ၎င်းကပြောသည်။

ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် အာဆီယံ စည်းမျဉ်းစည်းကမ်း များအရ မြန်မာ့ပို့ကုန်များဖြစ်သော ကြက်သွန်နီပျိုးပင်ပေါက်၊ ကြက်သွန်နီ၊ အာလူး၊ ပြောင်း၊ မြေပဲဆန်တို့အပေါ် ထိုင်းနိုင်ငံက Duty Free ၊ Quota Free များဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ပြုရေးတို့ကို ညှိနှိုင်းဆွေးနွေးထားကြောင်း၊ ကုန်သွယ်မှုနှင့်ဆက်စပ်သော ကိစ္စရပ်များအနေဖြင့် မြန်မာနိုင်ငံသို့ တင်သွင်းလိုသော အပင်နှင့်အပင်ထွက်ပစ္စည်းများအတွက် Pest Risk Analysis (PRA) ပေးပို့ပေးရေးကိစ္စတို့ကိုလည်းညှိနှိုင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့တင်သွင်းနေသော မော်တော်ယာဉ်၊ ယန္တရားများနှင့် အသုံးပြုပြီးသော လျှပ်စစ်ပစ္စည်းအဟောင်းတို့ကို နှစ်နိုင်ငံလိုက်နာဆောင်ရွက်ရမည့် BASEL Convention အရ တင်ပို့ခြင်းမပြုရေးကန့်သတ်ရန် ညှိနှိုင်းသဘောတူခဲ့ကြောင်းသိရသည်။

ယင်းအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အန္တရာယ်ရှိသောကုန်စည်များ၊ တားမြစ်ထားသော အရက်၊ ဘီယာ၊ ကွမ်းစားဆေးစသည့် ကုန်စည်တို့ကို တစ်ဆင့်ခံကုန်သွယ်မှုနည်းလမ်းအရဖြစ်စေ၊ နယ်စပ်ကုန်သွယ်မှုနည်းလမ်းအရဖြစ်စေ ကုန်သွယ်မှုမပြုရန်၊ နှစ်နိုင်ငံတရားဝင်သတ်မှတ်ထားသည့် နယ်စပ်ထွက်ပေါက်များ၊ နှစ်နိုင်ငံချစ်ကြည်ရေးတံတားများမှ ကုန်သွယ်မှုပြုရေးဆိုင်ရာကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူထားကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/48917

## သီရိမင်္ဂလာဈေးကွက်သို့ ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့ မှကုန်များသာ ဝင်ရောက်မှုများနေ

ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေးကွက်သို့ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှကုန်များသာ ယခုရက်ပိုင်းအတွင်းဝင်ရောက်မှုများနေကြောင်း အဆိုပါဈေးရှိတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။ ယနေ့တွင် ဟင်းသီးဟင်းရွက်၊ သစ်သီး၊ မျှစ်၊ ကွမ်း၊ ချင်းစသည့် သီးနှံအမျိုးအစားများ ဝင်ရောက်လျက်ရှိကာ အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေး၊ ပဲခူးတိုင်းဒေသကြီး ပြည်နှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း၊ မအူပင်စသည့်ဒေသတို့မှ ရာသီကုန်များသာ ဝင်ရောက်လျက်ရှိသည်။ လက်ရှိကတော့ တရုတ်နဲ့ ထိုင်းနိုင်ငံတို့က သစ်သီးတွေလည်း အနည်းငယ် ဝင်ရောက်နေတယ်။ တိုက်ကြီး၊ ပြည်၊ တွံတေးနဲ့ဧရာဝတီတိုင်းဒေသကြီးဘက်က အဓိကဝင်ရောက်နေတာပါ။ မိုးတွင်းဆိုတော့ ကုန်အဝင်ပါးတယ်။ အရောင်းအဝယ်ကလည်း လပြည့်၊ လကွယ်လို ရက်တွေနားနီးရင်တော့ကောင်းတယ်။ ကျန်တဲ့အချိန်ဆိုရင်ပုံမှန်ပါပဲဟု ၎င်းကပြောသည်။

လတ်တလောတွင် ပန်းသီး၊ ပန်းသစ်တော်၊ ဆန်းကစ်သီး၊ မက်မွန်သီး၊ စပျစ်သီး၊တည်သီး၊ ချယ်ရီပန်းသီး စသည့် သစ်သီးများ တရုတ်နိုင်ငံဘက်မှ အနည်းငယ်ဝင်ရောက်နေပြီး ထိုင်းနိုင်ငံမှဖရဲများလည်း ဝင်ရောက်ကာ ပြည်တွင်းမှ ကျွဲကော၊ ဒူးရင်း၊ သရက်၊ သင်္ဘော၊ နာနတ်နှင့်ငှက်ပျောသီးတို့ ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/48910

## တရားမဝင်ကုန်သွယ်မှုကြောင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ ဈေးကွက်ပျောက်ဆုံးကြရ

ဆေးလိပ်နှင့်ဆေးရွက်ကြီး တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံအခွန်ဘဏ္ဍာဆုံးရှုံးမှုရှိသလို ပြည်တွင်းရင်းနှီးမြှုပ်နှံထားသူများ၏ ဈေးကွက်ပျောက်ဆုံးနေကြောင်း မြန်မာ့ဆေးလိပ်နှင့်ဆေးရွက်ကြီး လုပ်ငန်းရှင်များအသင်းမှသိရသည်။ တရားမဝင်ကုန်စည်တွေကြောင့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံနေတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေ၊ ပြည်ပလုပ်ငန်းရှင်တွေအတွက် တရားမျှတတဲ့ ဈေးကွက်ယှဉ်ပြိုင်မှုပျောက်ဆုံးနေတယ်။ ပြည်တွင်းမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ၊ ဖန်တီးမှုတွေမှာလည်း စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်နေရပါတယ်ဟု မြန်မာ့ဆေးလိပ်နှင့်ဆေးရွက်ကြီးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ဝေသွယ်ကပြောဆိုသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ကွမ်းနှင့်ကွမ်းစားဆေးတို့၏ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ဆုံးရှုံးနေမှုများကြောင့် ဘဏ္ဍာငွေများ မှန်မှန်ကန်ကန်ရရှိရန်၊ မြန်မာနိုင်ငံတွင်းရင်းနှီးမြှုပ်နှံထားသည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ မျှတသောဈေးကွက်ယှဉ်ပြိုင်မှုကိုရရှိရန်၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် တရားမဝင်ကုန်သွယ်မှုများကို ထိန်းချုပ်နိုင်ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ လက်လီလက်ကားရောင်းဝယ်သူများ၊ ဥပဒေပြုသူများနှင့် ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရန် အဆိုပါအသင်းမှတင်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုများတိုက်ဖျက်ရေး၊ တားဆီးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြန်မာ့ဆေးလိပ်နှင့်ဆေးရွက်ကြီးလုပ်ငန်းရှင်များအသင်း (Myanmar Tobacco Association-MTA) က တရားမဝင်ကုန်စည်အကြောင်း သိကောင်းစရာဟောပြောပွဲကို ဩဂုတ် ၁၃ ရက်က တောင်ကြီးမြို့ ရွှေရိုင်ရယ်တောင်ကြီးဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ တရားမဝင်ကုန်သွယ်မှုဆိုရာမှာ မှောင်ခိုကုန်ကူးမှုသာမကအတုအပပြုလုပ်ခြင်း၊ အခွန်ရှောင်ခြင်း၊ အခွန်လျှော့ပေးခြင်း၊ လုပ်ထုံး လုပ်နည်းများအား ဘောင်ကျော်လုပ်ဆောင်ခြင်း၊ ဥပဒေလိုက်နာမှုအားနည်းခြင်း စသည်တို့လည်း ပါဝင်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်နိုင်ဖို့

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်မူဘောင်များ အတိုင်းပြည်နယ်တွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ တတ်သိကျွမ်းကျင်ပညာရှင်များအားလုံးနဲ့ပူးပေါင်းပြီး အဘက်ဘက်ကအဖြေရှာဆောင်ရွက်သွားမှာဖြစ်ပါတယ်ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်ကပြောဆိုခဲ့ကြောင်းသိရသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## ရန်ကုန်ဈေးကွက်အတွင်း ပေါ်ဆန်းဆန်ဈေးနှုန်း မြင့်တက်လာခြင်း

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန် ဈေးကွက်အတွင်း ပေါ်ဆန်းဆန်ဈေးနှုန်း မြင့်တက်လာခြင်းဖြစ်စဉ်တွင် ရွှေဘိုပေါ်ဆန်း ဈေးနှုန်းသာ ထူးထူးခြားခြား ဈေးနှုန်း မြင့်တက်လာသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ပေါ်ဆန်းဆန်နှင့် အများပြည်သူ စားသုံးနေသော ဆန်ကြမ်းဈေးနှုန်းများ မြင့်တက်လာမှုနည်းသည်ဟု ရန်ကုန်ကမ်းနား ဆန်ဈေးကွက်က သိရသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ် ကျပ် ၅၈၀၀၀၊ ထိပ်စ ကျပ် ၆၁၀၀၀ နှုန်း ရှိလာသည်။ မြစ်ဝကျွန်းပေါ်ဒေသထွက် မြောင်းမြပေါ်ဆန်း ဆန်တစ်အိတ် ကျပ် ၄၄၀၀၀-၄၅၀၀၀၊ ဖျာပုံပေါ်ဆန်း ကျပ် ၄၂၀၀၀-၄၂၅၀၀၊ ဘိုကလေးပေါ်ဆန်း တစ်အိတ် ကျပ် ၃၆၀၀၀-၃၈၀၀၀ နှုန်း၊ ပေါ်ကျွဲဆန် တစ်အိတ် ကျပ် ၂၉၀၀၀၊ ရက် ၉၀ ဆန်ကြမ်း တစ်အိတ် ကျပ် ၂၂၀၀၀၊ သီးထပ် ဆန်ကြမ်း တစ်အိတ် ကျပ် ၂၁၅၀၀၊ ဆင်းသုခ ဆန်ကြမ်း တစ်အိတ် ကျပ် ၂၅၀၀၀၊ ပခန်း ဆန်ကြမ်း တစ်အိတ် ကျပ် ၂၅၀၀၀၊ ဖန်သီးသုခ ဆန်ကြမ်း တစ်အိတ် ကျပ် ၂၆၀၀၀ နှုန်း အသီးသီး ရှိသည်ဟု ဘုရင့်နောင် ပိတောက်လမ်း ဆန်လုပ်ငန်းလုပ်ကိုင်သူ ကိုဝင်းဇော်ထံမှသိရသည်။

ရွှေဘိုပေါ်ဆန်းဆန်သည် ဇူလိုင်လ ၃၁ ရက် အိမ်အရောက်ပို့ဈေးနှုန်း တစ်အိတ်ကျပ် ၅၅၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ရသည်ဟု လမ်းမတော်မြို့နယ်နေသူ ကိုစိုးမင်းအောင်က ပြောဆိုသည်။ ၂၀၁၉ နှစ်ဆန်းပိုင်းလများတွင် ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၄၈၀၀၀-၄၉၀၀၀၊ မြောင်းမြပေါ်ဆန်း တစ်အိတ် ကျပ် ၄၀၀၀၀-၄၂၀၀၀၊ ဖျာပုံပေါ်ဆန်းတစ်အိတ် ကျပ် ၃၈၀၀၀-၃၇၀၀၀၊ ဘိုကလေး ပေါ်ဆန်း တစ်အိတ် ကျပ် ၃၅၀၀၀-၃၆၀၀၀၊ မီးဒုံး(ပေါ်ကျွဲ) တစ်အိတ် ကျပ် ၂၇၀၀၀၊ မိုးဇီယာ ဆန်ကြမ်း တစ်အိတ် ကျပ်၂၁၅၀၀၊ မိုးသုခတစ်အိတ် ကျပ် ၂၂၀၀၀နှုန်းသာရှိခဲ့သည်ဟုသိရသည်။ ၂၀၁၉ နှစ်ဆန်းပိုင်း နှစ်ဝက်ကျော်ကာလအတွင်း ရန်ကုန် ဆန်ဈေးကွက်တွင် ပေါ်ဆန်းဈေးနှုန်းများတွင် ရွှေဘိုပေါ်ဆန်းဆန် တစ်မျိုးတည်းသာ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်ဈေးမြင့်တက်လာသည်။ သို့သော် မြစ်ဝကျွန်းပေါ်ဒေသထွက် ပေါ်ဆန်းဆန် ဈေးနှုန်းမှာ တစ်အိတ်လျှင် နှစ်ဝက်ကာလအတွင်း ကျပ် ၂၀၀၀-၃၀၀၀ ဝန်းကျင်သာ မြင့်တက်လာသည်။ အများပြည်သူ စားသုံးနေသော ဆန်ကြမ်းဈေးနှုန်းများမှာ ဈေးနှုန်းမြင့်တက်မှု နည်းနေဆဲရှိသည်ဟု ဘုရင့်နောင်ဆန်ပွဲရုံလုပ်ငန်းရှင် ဦးကျော်တင်ကပြောဆိုသည်။ မြန်မာပြည်တွင်း ဆန်စပါးစိုက်ပျိုးမှုမှာ တစ်နိုင်ငံလုံးစိုက်ပျိုးဧရိယာ၏ ထက်ဝက်ဝန်းကျင် ရှိသည်။ စပါးစိုက်ပျိုးမှုမှာ ဟက်တာပေါင်း ၇ ဒသမ ၂၆ သန်း ဝန်းကျင်ရှိသည်ဟုသိရသည်။ ပြည်တွင်းစပါးစိုက်ပျိုးမှုမှာ ဧကပေါင်း ၁၇ ဒသမ ၉ သန်း ဝန်းကျင်ရှိရာတွင် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွင်း မိုးစပါး စိုက်ဧက၁၅ ဒသမ ၂၉ သန်း ဝန်းကျင်၊ နွေစပါးစိုက်ဧက ၂ ဒသမ ၆ သန်း ဝန်းကျင်ရှိသည်ဟု သက်ဆိုင်ရာသတင်းထုတ်ပြန်ချက်အရသိရသည်။ ထိုသို့ စပါးစိုက်ပျိုးမှု စပါးအထွက်တန်ချိန် တစ်နှစ်လျှင် ၂၅ ဒသမ ၆ သန်း ဝန်းကျင်ထွက်ရှိသည်။ ဆန်တန်ချိန်အားဖြင့် နှစ်စဉ် ဆန်တန်ချိန်၁၄ သန်းဝန်းကျင်ထွက်ရှိရာ ပြည်တွင်းစားသုံးမှုအပြင် ပိုလျှံဆန်တန်ချိန် လေးသိန်းဝန်းကျင် ရှိသည်ဟု သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် စပါးစိုက်ဧက ၃၆ သိန်းဝန်းကျင်၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၈ သိန်းဝန်းကျင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂ သိန်းဝန်းကျင် အသီးသီးရှိနေရာ ၎င်းတိုင်းဒေသကြီးသုံးခု၏ စပါးစိုက်ပျိုးမှုပမာဏသည် တစ်နိုင်ငံလုံး စပါးစိုက်ပျိုးသည့်ပမာဏ၏ ၅၀ ရာခိုင်နှုန်း ဝန်းကျင်ရှိနေသည်။ ယခင်ဆန်တင်ပို့နေရသော ရွှေဘိုအပါအဝင် ဒေသများတွင် ဆည်ရေသောက်စပါးစိုက်ပျိုးခြင်းအပါအဝင် စပါးစိုက်ပျိုးမှုများလာရာ ၎င်းဆန်လိုဒေသများဖြစ်ခဲ့သော မြန်မာပြည်အထက်ပိုင်းဒေသ အများအပြားသည် ဆန်ပိုဒေသများဖြစ်လာရာ နယ်စပ်သို့ဆန်တင်ပို့ရောင်းချသည်အထိရှိလာသည်။ ရက် ၉၀ ကဲ့သို့ သက်တမ်းနစပါးမျိုးများ စိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်းပိုလာသည့်အပြင် ဈေးကွက်တွင်လည်း ဈေးနှုန်းကောင်း ရလာ၍ စပါးကြမ်း၊ စပါးများစိုက်ပျိုးမှုများလာသည်။ ၂၀၁၉ ခုနှစ်တွင်မူ နယ်စပ်မူဆယ်ဈေးကွက် ဆန်တင်ပို့မှု အခက်အခဲများရှိနေဆဲဖြစ်ရာ ယခင်လပေါင်းများစွာ မူဆယ်တွင်စုပုံထားရသော ဆန်အိတ်များသာ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်သေးသည်။ နယ်စပ်သို့ ဆန်တင်ပို့နိုင်မှု ထင်သာမြင်သာမရှိသေးသဖြင့် ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ကြမ်း ဈေးနှုန်း ပြောင်းလဲမှုနည်းနေဆဲရှိသည်ဟု ဆန်ဈေးကွက်မှသိရသည်။ သို့သော် ရန်ကုန်ဆန်ဈေးကွက် အပါအဝင် နယ်များ

တွင်ပါ ဆန်ကြမ်း၊ စပါးကြမ်းများ အလုံးအရင်းဖြင့် လှောင်ထားခြင်းများပြားနေရာ ဆန်ဈေးမြင့်တက်လာနိုင်မည့် အခြေအနေကို စောင့်မျှော်နေဆဲရှိသည်ဟုသိရသည်။ ပုံမှန် ပြည်တွင်း၌ရေကြီးခြင်းများ ဩဂုတ်လအတွင်း ဖြစ်ပေါ်တတ်ရာ မြစ်ကြီးနားဒေသအပါအဝင် အထက်ဒေသအချို့ မြစ်ရေကြီးခြင်း ဇူလိုင်လကုန်ဝန်းကျင် ဖြစ်ပေါ်ခဲ့သော်လည်း မြစ်ဝကျွန်းပေါ်ဒေသအထိ ထူးထူးခြားခြားမဖြစ်ပေါ်သေးပါ။ ကရင်၊ မွန်ပြည်နယ်များ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တောင်ပြို၊ ရေလွှမ်း၊ ကားလမ်းပြတ်တောက်ခြင်းများ ဩဂုတ်လဆန်းတွင် ကြုံတွေ့နေရသည်။ လူအသေအပျောက်၊ ပစ္စည်းဆုံးရှုံးမှုများပြားခဲ့ရာ ပြည်သူများဝိုင်းဝန်းကူညီပံ့ပိုးနေသည့်သတင်းများ နေ့စဉ်ကြားသိနေရသည်။

စပါးအပါအဝင် သီးနှံအချို့ ရိတ်သိမ်းချိန်ကာလများတွင် အလားတူဖြစ်စဉ်များ ဖြစ်ပေါ်ကြုံတွေ့လာမည်ကိုသာ စိုးရိမ်ရသည်။ မြန်မာလ အခေါ်အဝေါ်ဖြစ်သည့် ဝါခေါင်၊ တော်သလင်းလရေကြီးခြင်းဖြစ်စဉ်တွင် သက်ငယ်မိုးစပါးများသာ ထိခိုက်မှုရှိနိုင်သည်။ သက်တမ်းကြာပြီး အထွက်နှုန်းနည်းသော ပေါ်ဆန်းစပါးများမှာမူ ၎င်းကာလမြစ်ရေကြီးချိန် ထိခိုက်ပျက်စီးမှုနည်းသည်။ ဒီရေအတက်၊ အကျ နေ့စဉ်နှစ်ကြိမ်စီရှိနေသော မြစ်ချောင်းပေါများသည့် မြစ်ဝကျွန်းပေါ်ဒေသ အရှေ့ပိုင်းမြို့ရွာများတွင် ရက်တို နာရီပိုင်းမြစ်ရေကြီးခြင်းသာရှိတတ်သည်။ သို့ဖြစ်ရာ မိုးရွာသွန်းမှုအလွန်အကျွံဖြစ်ခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့် ထိခိုက်ပျက်စီးနိုင်သည့် စပါးစိုက်ခင်းပမာဏသည် တစ်နိုင်ငံလုံးစိုက်ပျိုးမှုနှင့်နှိုင်းယှဉ်လျှင် လျော့နည်းသည်ဟုဆိုနိုင်သည်။ နှစ်စဉ် ပိုလျှံဆန်တန်ချိန်ပမာဏထက် ပြည်ပသို့ နှစ်နှစ်ဆက်တိုက်လျော့နည်း တင်ပို့နေခြင်း၊ မူဆယ်နယ်စပ် ဆန်တင်ပို့မှု ပုံမှန်မဖြစ်သေးခြင်းစသည်တို့ကြောင့် အများပြည်သူစားသုံးနေသော ဆန်ကြမ်း ဈေးနှုန်းများ ထူးကဲစွာမြင့်တက်ရန် အလားအလာနည်းနေဆဲစု ဆန်ကုန်သည်အချို့က သုံးသပ်ပြောကြားလာသည်။ ပြည်တွင်းပေါ်ဆန်းဆန် ဈေးကွက်အတွင်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင် ပုသိမ်ဥတို ပေါ်ဆန်းဘေးကျားဆန်သည် ထိပ်ဆုံးနေရာ တွင်ရှိခဲ့သည်။ သို့သော် ဆယ်စုနှစ်တစ်စုအလွန်ပုသိမ်ပေါ်ဆန်းနေရာတွင် မြောင်းမြပေါ်ဆန်းသည် နေရာယူလာသည်။

သို့သော် ရွှေဘိုပေါ်ဆန်းဆန်သည် ယခုနှစ်ပိုင်းများတွင် ပြည်တွင်းပေါ်ဆန်းဆန် ဈေးကွက်အတွင်း ထိပ်ဆုံး နေရာရယူလာသည်။ ယခုနှစ်ပိုင်း ရွှေဘိုပေါ်ဆန်းဆန်ထွက်ရှိရာ နယ်အလိုက် နှစ်မျိုးကွဲပြားလာရာ တစ်မျိုးနှင့်တစ်မျိုး ဈေးနှုန်းကွာခြားမှုရှိလာသည်။ ၂၀၁၉ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ရွှေဘိုဒေသတွင် ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ် ကျပ် ၄၆၀၀၀၊ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၅ သိန်း၊ ရေဦးပေါ်ဆန်း ဆန်တစ်အိတ် ကျပ် ၄၆၅၀၀၊ စပါးတင်း ၁၀၀ ကျပ် ၁၄ သိန်း၊ ၇၄၇ နှံ့စပါးတင်း ၁၀၀ လျှင် ကျပ် ၄၉၀၀၀၀ နှုန်း၊ ဆန်တစ်အိတ် ကျပ် ၁၇၀၀၀၊ နှံ့အသွယ် စပါးတင်း ၁၀၀ ကျပ် ၄၅၀၀၀၊ ဆန်တစ်အိတ် ကျပ် ၁၈၅၀၀ နှုန်းရှိပြီး ရွှေဘိုဒေသရှိ ဆန်စက်ပိုင်များ၊ ပွဲစားများလှောင်ရန် အဝယ်လိုက်နေ၍ စပါး၊ ဆန်ဈေးနှုန်းမြင့်တက်မှုရှိလာသည်ဟု ၎င်းဒေသ ဆန်ကုန်သည် ဈေးကွက်သတင်းများအရသိရသည်။ စစ်ကိုင်းတိုင်း ဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဇူလိုင်လနောက်ဆုံးပတ်အထိ ဆန်အိတ်ပေါင်း ၁၀ သိန်းဝန်းကျင်၊ ဆန်တန်ချိန် ငါးသောင်းဝန်းကျင် တင်ပို့မှုရှိခဲ့သည်ဟုသိရသည်။ ပြည်တွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေသူ တောင်သူ လေးသန်းဝန်းကျင်ရှိပြီး ပြည်တွင်းလူဦးရေ ၁၈ သန်းတို့၏ အလုပ်အကိုင်အခွင့်အရေးနှင့် ပြည်တွင်းရှိ လူဦးရေ ၅၃ သန်း ဝန်းကျင်တို့၏ အဓိကအစားအစာအဖြစ် ဆန်စပါးလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေဆဲဖြစ်သည်။

ထို့ပြင် ဝင်ငွေနည်းနေဆဲ ပြည်သူ အများစုသည် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ခံစားနေရရာ ဝင်ငွေနှင့် သုံးငွေ မျှတအောင် သုံးစွဲနေရချိန်နေ့စဉ် ဝယ်ယူ စားသုံးနေရသော ဆန်ဈေးနှုန်း မြင့်တက်လာခြင်းရှိမည့် အပေါ် စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း ပြည်တွင်းဆန်ဈေးကွက်တွင် ပေါ်ဆန်းဆန်ဈေးနှုန်း အတက်ကြမ်း ခဲ့သည့်ဖြစ်စဉ်ကို ဆန်စပါး NGO အဖွဲ့တို့က သတိပေးအသိပေးချက်များကြောင့် ရပ်တန့်သွားရသည်။ ယခုနှစ်တွင်မူ ရွှေဘို ပေါ်ဆန်းတစ်မျိုးတည်းသာဈေးနှုန်းမြင့်တက်မှု များနေဆဲရှိသည်။ သို့သော် ပြည်တွင်း၌ ရွှေဘိုပေါ်ဆန်းစားသုံးသူ အရေအတွက်သည် ကျန်မြစ်ဝကျွန်းပေါ်ဒေသထွက် ပေါ်ဆန်းဆန်စားသုံးသူထက်နည်းနေဆဲရှိသည်။

**Source:**www.thefarmermedia.com

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 22nd Aug. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 4,523 | 54,262,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +200 | +5.13% | 4,000 | 4,100 | 4,000 | 7,609 | 30,830,900 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 16 | 134,400 | 10,400,986 | 87,368 |
| FPB | 00004 | 25,000 | -1,000 | -3.85% | 25,500 | 25,500 | 25,000 | 1,277 | 31,938,500 | 2,472,053 | 61,801 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 1,100 | 3,311,000 | 12,823,224 | 39,111 |

As of 22nd Aug. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 491.66 | +3.88 | +0.80% | 486.41 | 491.66 | 479.35 | 14,525 | 120,476,800 | 5 | 673,243 |

### Index chart




## Market Overview

As of 1:00 pm, 22nd Aug. 2019

| MYANPIX | 491.66 ▲ 3.88 |
|---|---|
| Total Volume (shares) | 14,525 |
| Total Value (MMK) | 120 mil |
| Listed Company | 5 |
| Market Cap. (MMK) | 673,243 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,100 | ▲ 200 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,000 | ▼ 1,000 |
| TMH | 00005 | 3,050 | ▲ 0 |